# Hack မခံရလေ အောင် ကာကွယ်ခြင်း

---

Run box မှာ compmgmt.msc လို့ရိုက်ထည့်ပြီးတော့
computer management (local)/system tools
/share folders/shares ကို သွားကြည့်လိုက်ပါ ညာဘက် box ထဲမှ
file များနောက် မှာ $ ပါနေလား
ကြည့်ပါ .. $ နေတယ်ဆိုတယ် သေချာပါပြီ.... သင့် ကွန်ပျူတာကို
ဟပ်မယ်ဆိုရင် အလွယ်တစ်ကူ
ဟပ်နိုင်နေပါတယ် ..ဘယ်လို ဟပ်မှာလဲဆိုတော့ run box မှာ
\\13.0.3.122\E$ ဒီလိုမျိုးရိုက်
ခေါ်ပြီးတော့ အလွယ်တစ်ကူ ဟပ်သွားနိုင်ပါတယ် ဒီ default share ($)
တွေကို ဘယ်လို ဖြုတ်ရ
မလဲဆိုတော့
1.Start – Run – regedit … HKEY_LOCAL_MACHIE\SYSTEM\CurrentControlSet\Services\
Lanmanserver\Parameters ကို Click ပါ။
2.ညာဘက်ရှိ Box ထဲတွင် AutoShareWks file ကို ရှာပါ။
မတွေ့ခဲ့လျှင် လွတ်နေသော နေရာတွင် Right Click – New – DWORD value
ကိုရွေးပါ။ New Value #1 ဆိုတဲ့ နေရာမှာ AutoShareWks ဟု ရေးပါ။

3.AutoShareWks file အား Double Click ပါ။
Value Data: အောက်ရှိ Box တွင် 0 ( zero ) ဆို Default Shares
တွေကို Close တာ 1 ( one ) ဆို Default Shares တွေကို Open တာ၊
0 (zero ) ပေးပြီး OK ပေးပါ။

4. Restart ပေးပြီး Windows ပြန်တက်သောအခါ
Default Shares တွေကို ပိတ်ပြီးသား ဖြစ်သွားပါလိမ့်မည်။

### ဆွေးနွေးချက်များ

အမှန်က အဲဒီ window မှာတင်ကတည်းက ပါတဲ့ $ တွေကို တစ်ခြားကွန်ပျူတာက
ဝင်ကြည့်တယ်ဆိုတာ လုံးဝမလွယ်ပါဘူး။ ဝင်ဟက်ဖို့ဆိုတာ ဝေးပါတယ်။ ကျွန်တော်မသိတာလည်း
ဖြစ်မှာပါ။ တကယ်လို့ ဝင်လို့ရသွားတယ်ဆိုရင်တောင် ဟတ်လို့ မရနိုင်သေးပါဘူး။
ဝင်းဒိုးမှာတင်ကတည်းက ပါနေတဲ့ $ တွေကို ဝင်ဖို့ အသုံးပြုခံရမယ့် ကွန်ပျူတာက လှမ်းပြီး
အသုံးပြုမယ့်(သို့) ဝင်ချင်တဲ့ ကွန်ပျူတာကို admin right ပေးထားမှ ဝင်လို့ရမှာပါ။ ဒီတိုင်းဘယ်လိုမှ
ဝင်လို့မရပါဘူး။ (ကျွန်တော်သိသလောက်ပါ။)
မယုံရင် စမ်းကြည့်ပါ။
စက်တစ်ခုရဲ့ အိုင်ပီ၊ အဲဒီနောက်က partation$ (ဥပမာ- \\13.0.-.-\D$) ဆိုပြီး ဝင်ကြည့်ပါ။ ( ဒီနေရာမှာ
D ဆိုတာ computer ရဲ့ partation ပါ။ $နဲ့ share ပေးထားတဲ့ ဖိုင်မဟုတ်ဘူး။ $ နဲ့ ရှယ်ရာပေးတဲ့
နည်းကိုတော့ အားလုံးသိပြီးဖြစ်မှာပါ။)
ဝင်လို့မရပါဘူး။ password တောင်းနေပါလိမ့်မယ်။ ကျွန်တော် အဲဒီ password ကိုသိချင်လို့ အမျိုးမျိုး

ကြိုးစားပြီး လိုက်မေးဖူးပါတယ်။ ဘယ်လိုမှ အဆင်မပြေခဲ့ပါဘူး။ အချိန်ကုန် လူပန်းပါပဲ။ ရိုးရိုးပဲ စဉ်းစားကြည့်လေဗျာ။ ဒါမျိုးကို Microsoft ကမသိပဲနေမလား။ ။ တကယ်လို့တာ အဲဒီအတိုင်း ဝင်လို့ရနေရင် user တွေရဲ့ DATA တွေမှာ ဘယ်လိုလုပ် လုံခြုံမှုရှိတော့မှာလည်း။ ဒါမျိုးကိုလုပ်ပေးထားတယ်ဆိုတာက တစ်ခြားကွန်ပျူတာတစ်လုံးကို admin အကောင့်သဘောမျိုးပေးပြီး DATA တွေရယ်လို့ရအောင်ပါ။ အခုကျွန်တော်တို့ အပေါ်ကနေ ဆွေးနွေးသွားတဲ့အတိုင်း ဝင်ပြီး DATA တွေယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အရင် window version တွေကိုတော့ မပြောတတ်ဘူး။ XP S-2 ဆိုရင်တော့ လုံးဝမလွယ်ပါဘူး။

မှန်ပါတယ်။ Microsoft က Administrator ကို network ပေါ်မှာ manage လုပ်နိုင်အောင်စီစဉ်ပေးထားတာပါ။
အသေးစိတ်ကို ဒီမှာ http://support.microsoft.com/default...b;en-us;816524
ဖတ်နိုင်ပါတယ်ခင်ဗျာ။

ဖိုရမ်တွေ ဘလော့တွေမှာ တော်တော်များများရေးတာကို တွေ့ရပါတယ်။ Default shares ပိတ်ထားချင်းဖြင့် အဟက်မခံရအောင် ကာကွယ်နည်းဆိုပြီး ပြောဆိုရေးသားနေကြပါတယ်။ ပြီးတော့ Default shares ပိတ်နည်းကို ရေးကြတယ်။

ကောင်းပြီ...

ဒါဆို ကျွန်တော်မေးမယ်နော်... Default shares ဖွင့်ထားတဲ့ စက်တစ်လုံးကို ခင်ဗျားတို့ ဟတ်တတ်လားဆိုတော့ .....(ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလား၊ ငါလည်းမလုပ်တတ်ဘူးတွေနဲ့ပဲ တိုးနေတယ်။)

ကဲ.. အရင်ဆုံး ကျွန်တော်တို့ သူတို့ ပြောတဲ့ Default shares ဆိုတာဘာလဲ ဆွေးနွေးလိုက်ရအောင်

သူတို့တွေ ပြောတဲ့ Default shares ဆိုတာ ဝင်းဒိုးက $ နဲ့ပေးထားတဲ့ partation တွေကိုပြောတာပါ။ c$, d$ စသည့်ဖြင့် paration ရှိသလောက်ပေါ့။ အဲဒီ partation တွေကို ဝင်ချင်ရင် run box ကနေ // IP(ဝင်ချင်တဲ့ စက်ရဲ့ IP ပါ။)/c$: စသည့်ဖြင့် ဝင်လို့ ရပါတယ်။ ဒါပေမဲ့ password တောင်းပါတယ်။ အဲဒီပတ်ဝေ့ါက ဘာလဲ ဆိုတာ Default shares ပိတ်နည်းရေးတဲ့ ကျွန်တော်ဆရာ ဘလောကာများ မသိကြပါဘူး။ တော်တော်များများ သိချင်ကြတဲ့ အရာပါ။ ဒါပေမဲ့ အဲဒီပတ်ဝေ့ါက တကယ်ရော ရှိနိုင်ပါမလား။ ရှိတယ်ဆိုရင် ဝင်းဒိုးကြီးက လုံခြုံမှု မရှိဘူးပေါ့။ သို့လော သို့လော တွေးစရာတွေပါ။

အမှန်က microsoft wondow က ပေးထားတဲ့ အဲဒီ Default shares တွေက အခြားစက်ကနေ Guest အကောင့်ဖြင့် ဝင်သုံးချင်တဲ့ လူတွေအတွက်ပါ။

ကဲ မိတ်ဆွေရော အဲဒီလို သုံးချင်တယ်ဆိုရင်တော့ မခက်ပါဘူး။ မိတ်ဆွေရဲ့ ကွန်ပျူတာ၊ ဒါမှမဟုတ်

Default shares ပေးချင်တဲ့ ကွန်ပျူတာ ရဲ control panel ထဲက User account ထဲကိုဝင်ပြီး guest accout ကို ဖွင့်ပြီး password ပေးထားလိုက်ရင်ရပါပြီ။

ကွန်ပျူတာကို အထိတ်အလန့်ကင်း၍ မှန်ကန်စွာ အသုံးပြုနိုင်ကြပါစေ။

ကိုယ့်ကို share ပေးထားတဲ့ password သိတဲ့ စက်ကိုဝင်ရင် အဲဒီဘက်ကစက်မှာ permission တောင်းသေးလား ။ yes တို့ no တို့တောင်းသေးလား ။
ဟီးဟီး password သိတဲ့ စက်တွေ စမ်းကြည့် ချင်လို့ ပါ

ကျွန်တော်ရေးတာကို နားမလည်ဘူးထင်တယ်။ ကျွန်တော်တို့ ပုံမှန်ကွန်ပျူတာ အားလုံးမှာ Default shares ကအမြဲ ဖွင့်ထားပါတယ်။ ကြောက်လန့်ပြီး ပိတ်ထားတဲ့ ကွန်ပျူတာတွေက လွဲလို့ပေါ့။ :P
Default shares ကို လှမ်းသုံးချင်တယ်ဆိုရင် ....
ဥပမာ- အကို က ကျွန်တော့ကွန်ပျူတာထဲက Default shares ကိုလှမ်းသုံးချင်တယ် ဆိုပါဆို့...
ပုံမှန်အတိုင်းဆို အကိုလှမ်းသုံးလို့ မရပါဘူး။ ကျွန်တော်က Guest အကောင့်သုံးပြီး အဲဒီ Guest အကောင့်ကို ပတ်ဝေ့ါပေးထားမှ ရတာပါ။ ကျွန်တော်တို့ အခုသုံးနေတဲ့ အကောင့်တွေက များသောအားဖြင့် Administrator right အကောင့်တွေနဲ့ limited အကောင့်တွေ ဖြစ်ပါတယ်။ Guest အကောင့်သုံးတဲ့လူတွေ ရှားပါတယ်။
ကွန်ပျူတာ တစ်လုံးက Guest အကောင့်ကို ဖွင့်ထားမယ်။ ပတ်ဝေ့ါ ပေးထားမယ်ဆိုမှ ဝင်လို့ရတာပါ။ ဝင်တယ်ဆိုရာမှာလည်း ကိုယ်က သူ့ကွန်ပျူတာကို ဘာမှ စွက်ဖက်ပိုင်ခွင့် မရှိပါဘူး။ Data တွေ လှမ်းယူလို့ရယုံပါပဲ။